## မြန်မာနိုင်ငံ၏ အကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက်ကူညီလိုသည့် ဂျပန်နိုင်ငံရောက်

## မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပြည်သူပြည်သားများ၏ စုပေါင်းအင်အား များ နှင့်အတူ စုပေါင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုး တိုးတက် ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံ၌ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပရှိ လူ့စွမ်းအားအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်မှု သည် လွန်စွာပဓာနကျပါသည်။

၂။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များအတွင်း မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်၏အကျိုးပြုလုပ်ငန်းများတွင် မိမိတို့တတ်ကျွမ်းသည့်ပညာ၊ အတွေ့အကြုံတို့ဖြင့် တတ်အားသမျှ ပါဝင် ကူညီပံ့ပိုးအကျိုးပြုနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး၊ မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများကလည်း ယင်းသို့ ပါဝင် အကျိုးပြုရန်အတွက် ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ရာ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ် ပညာရှင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီပံ့ပိုးအကျိုးပြုလိုပါက ပူးတွဲပါပုံစံတွင် ဖြည့်စွက်၍ ဒေါ်အိအိခင်၊ ဒုတိယအတွင်းဝန်၊ ယဉ်ကျေးမှုနှင့် ပညာသင်တာဝန်ခံအရာရှိ၊ မြန်မာသံရုံး၊ တိုကျိုမြို့ ဖုန်းအမှတ် ၀၃-၃၄၄၁-၉၂၉၁ နှင့် အီးမေးလ် culturalsection@myanmar-embassy-tokyo.net ထံသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ် ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်

# မြန်မာနိုင်ငံ၏အကျိုးပြုလုပ်ငန်းများအတွက် ပါဝင်ကူညီဆောင်ရွက်ရန် ဆန္ဒပြုမည့် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံ သားများနှင့် မြန်မာနိုင်ငံသားဟောင်းများဖြည့်စွက်ရမည့်ပုံစံ

## ကိုယ်ရေးမှတ်တမ်း

၁။ အမည် ------------------------------------

၂။ အခြားအမည် ------------------------------------

၃။ မွေးသက္ကရာဇ် ------------------------------------

၄။ မွေးဖွားရာဇာတိ ------------------------------------

၅။ လက်ရှိနိုင်ငံသား ------------------------------------

၆။ လူမျိုး ------------------------------------

၇။ လက်ရှိကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်အမှတ် ------------------------------------

၈။ လက်ရှိအလုပ်အကိုင်/ဌာန ------------------------------------

၉။ လေ့လာသင်ယူခဲ့သည့် ပညာရပ်များ/ဘွဲ့တက္ကသိုလ် ------------------------------------

၁၀။ ကျွမ်းကျင်သည့်နယ်ပယ်/တတ်ကျွမ်းသည့်အခန်းကဏ္ဍများ ------------------------------------

၁၁။ ပါဝင်အကျိုးပြုလိုသည့်အခန်းကဏ္ဍ ------------------------------------

၁၂။ ပါဝင်ကူညီနိုင်သည့် ကာလနှင့် နေရာ (ပြည်တွင်း/ပြည်ပ) ------------------------------------

၁၃။ ဖခင်အမည်နှင့်အလုပ်အကိုင် ------------------------------------

၁၄။ မိခင်အမည်နှင့်အလုပ်အကိုင် ------------------------------------

၁၅။ အခြားဖြည့်စွက်လိုသည့်အချက်အလက်များ ------------------------------------

၁၆။ အကြံပြုရန်အချက်များ ------------------------------------

------------------------------------

------------------------------------

------------------------------------

------------------------------------

------------------------------------

မှတ်ချက်။ စာမျက်နှာမလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲဖြည့်စွက်နိုင်ပါသည်။

လျှောက်ထားသူ

လက်မှတ် ------------------------------------

အမည် ------------------------------------

ဖုန်းနံပါတ် ------------------------------------

လိပ်စာ ------------------------------------

အီးမေးလ်လိပ်စာ------------------------------------